# မာတိကာ


** **အမှာစကား** က

၁။ **လူ့အဖွဲ့အစည်းအတွင်း မညီမျှသော ဘဝအခြေအနေများ** ၁

၂။ **လူ့အဖွဲ့အစည်းအား ရှုထောင့်အမျိုးမျိုးမှ သုံးသပ်လေ့လာခြင်း** ၆၇

(၁) လူ့အဖွဲ့အစည်းနှင့် နည်းပညာ
| ဂါးဟာ့ဒ် လဲင်းစကီး၏ နည်းပညာခေတ် ၅ ခေတ် အယူအဆ ၆၇

(၂) လူ့အဖွဲ့အစည်းနှင့် ပဋိပက္ခ
| ကားလ်မာ့က်(စ)၏ အယူအဆ ၉၁

(၃) ဆင်ခြင်မှုအားပြု လူ့အဖွဲ့အစည်း
| မက္က(စ)ဝေဘာ၏ အယူအဆ ၁၀၉

(၄) လူ့အဖွဲ့အစည်းတည်းဟူသော အဆောက်အအုံနှင့် ယင်း၏ လုပ်ငန်းယန္တရား
| အေမီးလ်ဒါ့ခ်ဟိုင်း(မ)၏ အယူအဆ ၁၂၇

၃။ **ယဉ်ကျေးမှု** ၁၃၉

(၁) ယဉ်ကျေးမှု ဆိုသည်မှာ ၁၃၉

(၂) ယဉ်ကျေးမှုတွင် ပါဝင်သည့် အဓိက အစိတ်အပိုင်းများ ၁၄၉

(၃) ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ၁၆၉

(၄) ဖန်တီးမှုစွမ်းရည်နှင့် တရုတ်နည်း အမေရိကန်နည်း ၁၉၃


# အမှာစကား

လူဟူသည် လူမှုသတ္တဝါ (social animal) ဖြစ်သည် ဟုဆိုလေ့ရှိကြသည်။

လူသည် မိမိအရင်းရှိနှင့်သည့် အခြားလူများကြားတွင် မွေးဖွားကာ၊ ၎င်းတို့မှာ ရှိနှင့်သည့် ဘာသာစကား၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာ၊ မျိုးနွယ်စရိုက်၊ ဒေသစရိုက် စသည်များကို ထိတွေ့မှတ်သားရင်း ကြီးပြင်းရသည်။

ထို့ကြောင့်၊ ကနဦး၌ မိမိမွေးဖွားကြီးပြင်းရာ ပတ်ဝန်းကျင် လူမှုအဖွဲ့အစည်း၏ အယူအဆများ၊ ထုံးဓလေ့ အစဉ်အလာများကိုပင် အမှန်များ၊ စံများအဖြစ် ခံယူတတ်ကြပြီး၊ တဖြည်းဖြည်း အခြားသော လူမှုဝန်းကျင်များ၊ မတူသော လူမျိုးအဝန်းအဝိုင်းများ၊ ခရီးဝေးမြေခြား ဒေသများနှင့် တွေ့ထိသိကျွမ်းရသည့်အခါတွင်မှ၊ မိမိယဉ်ကျေးမှုနှင့် သူ့ယဉ်ကျေးမှု မတူကွဲပြားပုံ၊ မိမိလူမျိုးဓလေ့စရိုက်နှင့် သူ့လူမျိုးဓလေ့စရိုက် မတူကွဲပြားပုံ၊ သူ့မြို့ပြရပ်ရွာစနစ် သူ့နိုင်ငံရေး စီးပွားရေးစနစ်နှင့် မိမိမြို့ပြရပ်ရွာစနစ် မိမိနိုင်ငံရေး စီးပွားရေးစနစ် မတူကွဲပြားပုံ၊ စသည်တို့ကို တွေ့မြင်ကာ၊ ထိုမှဆက်၍၊ လူအားလုံးတို့၌ တူညီစွာ ရှိတတ်သည့် ယေဘုယျသဘာဝများ၊ လူမျိုး-ဘာသာ-ဒေသအလိုက် သီးခြားစီရှိတတ်သည့် မတူကွဲပြားသော လူမှုလက္ခဏာများကို တဖြည်းဖြည်း ခွဲခြားရိပ်စားမိလာတတ်သည်။

လူမှုရေးသိပ္ပံသည် အဆိုပါ လူ၏သဘော လူ့အဖွဲ့အစည်းတို့၏ သဘောကို ဘက်စုံ ထောင့်စုံ ကဏ္ဍစုံတို့မှ စူးစမ်းလေ့လာတင်ပြသော ဘာသာရပ်ဖြစ်သည်။

လူမှုရေးသိပ္ပံက လေ့လာသည့် အကြောင်းအရာများထဲတွင်၊

မိသားစု၊ မျိုးနွယ်စု၊ ဒေသသား၊ ဘာသာဝင်၊ အမျိုးဇာတ်၊ လူ့အတန်းအစား စသဖြင့် လူတို့ ခွဲခြားသိမှတ်ကြပုံများ၊

ယဉ်ကျေးမှု၊ ထုံးဓလေ့နည်းနာ၊ ဘာသာတရား၊ လူမှုကျင့်ဝတ်၊ ဆောင်ရမည့်အရာ၊ ရှောင်ရမည့်အရာ၊ စသဖြင့် လူတို့ ခံယူကျင့်သုံးကြပုံများ၊

လူမှုအဖွဲ့အစည်းများအတွင်း စီးပွားရေးစနစ်၊ နိုင်ငံစီမံအုပ်ချုပ်ပုံစနစ်၊ မြို့ပြစနစ်၊ ပညာရေး ကျန်းမာရေးစနစ်၊ လူမှုဆက်ဆံရေးစနစ် စသည်တို့ တည်ရှိနေပုံများ၊ စသည်တို့အပြင်၊

အစဉ်အလာ လူ့အဖွဲ့အစည်း၊ ခေတ်သစ်လူ့အဖွဲ့အစည်း၊ ခေတ်သစ်လွန် လူ့အဖွဲ့အစည်း စသည်တို့၏ သဘောသဘာဝများ၊ လူ့အဖွဲ့အစည်းများအတွင်း အပြောင်းအလဲတို့ ဖြစ်ပေါ်ပုံသဘောနှင့် အနာဂတ် လူ့အဖွဲ့အစည်းတို့ မည်သို့မည်ပုံ ရှိနိုင်ပုံ အကြောင်းများ အပါအဝင် လူ့အဖွဲ့အစည်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာစုံတို့ ပါဝင်သည်။

သိပ္ပံနည်းကျ လေ့လာသည့် ဘာသာရပ်ဖြစ်သော်လည်း၊ လူတို့၏ အမှုအရာစုံ အဖြစ်သနစ်စုံတို့ကို စီစဉ်တင်ပြထားခြင်းဖြစ်ရာ၊ အချို့သော ပညာရပ်များကဲ့သို့ ခြောက်သွေ့လေးလံ မနေဘဲ၊ ဝတ္ထုများ၊ အတ္ထုပ္ပတ္တိများ၊ သမိုင်းဖြစ်ရပ်များကို ဖတ်ရသကဲ့သို့ စိတ်ဝင်စားဖွယ်ကောင်းသည်။ ထို့ကြောင့် ဗဟုသုတနယ်ပယ် ဖြန့်ကြက်လိုသည့် စာသမားတို့အတွက် တန်ဖိုးရှိသည်။ ထို့ပြင်၊ နိုင်ငံရေး စီးပွားရေး လူမှုရေး နယ်ပယ်များတွင် လှုပ်ရှားပါဝင်လိုသူ၊ မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းကို ပြုပြင်ပြောင်းလဲလိုသူတို့အတွက်မူ မဖြစ်မနေ လေ့လာထားသင့်သည့် ဘာသာရပ်တစ်ခု ဖြစ်သည် ဟုဆိုချင်သည်။

လူမှုရေးပညာဘာသာရပ်နှင့် စပ်လျဉ်း၍ မိတ်ဆက်သဘော ရေးသားထားသည့် ယခုစာအုပ်ကို John J. Macionis ၏ Sociology စာအုပ်မှ အဓိက ကောက်နုတ်ရေးသားပြီး၊ မူရင်းစာညွှန်းဖော်ပြထားသည့် အခြားစာပုဒ်အနည်းငယ်ဖြင့် ဖြည့်စွက်ထားပါသည်။

လူမှုရေးပညာ ဘာသာရပ်ကို စာဖတ်သူတို့ စိတ်ဝင်စားကာ ပို၍ နက်ရှိုင်းကျယ်ပြန့်စွာ လေ့လာဖတ်ရှုလိုစိတ်များ ဖြစ်ပေါ်စေလိုသော သဘောဖြင့် ဤစာအုပ်ကို ပြုစုခြင်း ဖြစ်ပါသည်။

စာဖတ်သူတို့အား ထာဝစဉ် လေးစားလျက်

[ ဇေမြင့် ]